" နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ "

" ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို ဤဓမ္မစာစုဖြင့် "

" ရှိသေစွာ ကန်တော့ပါ၏။ "

# ဝိပဿနာအခြေခံ
# နှင့်
# အလုပ်ပေးတရား

ဒေါက်တာစိုးလွင် (မန္တလေး)

(၂)

ဒေါက်တာ စိုးလွင် (မန္တလေး)

- ၁၉၅၈ ခုနှစ် ဇွန်လ (၃) ရက် အင်္ဂါနေ့တွင် မန္တလေးမြို့၌ အဖ ဦးသန်းအောင် အမိ ဒေါ်ဝင်းမေတို့မှ မွေးဖွားသည်။

- ၁၉၇၅ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို မန္တလေးမြို့ အမှတ် (၉) အထက (ယခင် စိန့်ပီတာ)မှ အောင်မြင်သည်။

- ၁၉၇၆-၈၂ စာသင်နှစ်တွင် ဆေးတက္ကသိုလ် (မန္တလေး)၌ တတ်ရောက်သင်ကြား၍ ဆရာဝန်ဘွဲ့ (M.B,B.S)ကို ရရှိသည်။ ပြင်ပ ဆေးခန်းဖွင့်၍ ဆေးကုသခြင်းကို လုပ်ကိုင်သည်။

- ၁၉၈၉-၉၀ ခုနှစ်တို့တွင် မင်းကွန်းဆရာတော်ဘုရားကြီး တည်ထောင် ဖွင့်လှစ်ခဲ့သော နန်းရှေ့ မန္တလေး ဇီဝိတ သံဃဆေးရုံ၌ တာဝန်ထမ်း ဆောင်သည်။

- ၁၉၉၁ ခုနှစ်တွင် မရွှေရည်လှနှင့် အိမ်ထောင်ပြု၍ ထူးရည်လွင် သမီးတစ်ဦးရှိပြီး ယခုအခါ မန္တလေးမြို့ (၁၉)လမ်း နန်းရှေ့ အောင်မြေ သာစံမြို့နယ်တွင် မိသားစုနှင့် အတူနေထိုင်သည်။

- ၁၉၉၀-၉၁ ခုနှစ်မှ စတင်၍ ဓမ္မစာပေများကို လေ့လာ ဖတ်ရှု ခဲ့သည်။ မင်းကွန်းဆရာတော်ကြီး၊ စွန်းလွန်းဆရာတော်ကြီး၊ ဝေဘူဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး၊ ပခုက္ကူဆရာတော်ကြီး (အနိစ္စဆရာတော်)၊ ဖားအောက်တောရ ဆရာတော်ကြီးတို့၏တရားဓမ္မများကို လေ့လာမှတ်သားခဲ့သည်။ ထို့ပြင် လယ်တီဆရာတော်ကြီး၏ ဒီပနီပေါင်းချုပ်နှင့် ဘုရားရှင် ဟောကြားတော်မူ ခဲ့သော ဆဋ္ဌသံဂါယနာတင် ပိဋကတ်သုံးပုံ ပါဠိတော် (မြန်မာပြန်) တို့ကို ဆက်လက် ဖတ်ရှု လေ့လာလျှက်ရှိသည်။

- ၂၀၀၄ ခုနှစ်တွင် စာဓမ္မအမြင်မှ ခန္ဓာဓမ္မအမြင်ရောက်အောင် လက်တွေ့ ဝိပဿနာတရား အလုပ်ကို စတင်၍ နှလုံးသွင်းအားထုတ်သည်။

- ၂၀၀၆ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ သူငယ်ချင်းများကို ဝိပဿနာနှင့် ပတ်သက်သော အခြေခံ သဘောတရားများကို စတင် ဆွေးနွေး ပြောကြားသည်။

- ၂၀၀၉ ခုနှစ်တွင် မန္တလေး ဆေးတက္ကသိုလ် (၇၆-၈၂) စာသင်နှစ်၏ (၁၀) ကြိမ်မြောက် အာစရိယပူဇော်ပွဲ၌ (ဓမ္မလမ်းကို လျှောက်ကြမယ်) ခေါင်းစဉ်ဖြင့် ဓမ္မစာစုကို စတင်ရေးသား၍ ဆရာ ဆရာမတို့ကို ဓမ္မနှင့် ပူဇော်ကန်တော့ရင်း သူငယ်ချင်းတို့ကိုလည်း ဓမ္မလမ်းပေါ်ရောက်အောင် ခေါ်ဆောင်ခဲ့သည်။

- ၂၀၁၀ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ ဝိပဿနာသင်တန်း အတွက် မဇ္ဈိမလမ်းကိုလျှောက်ကြမယ်၊ မြတ်ဗုဒ္ဓ၏ဝိပဿနာ၊ ပိဋကတ် မှတ်စု၊ ဓမ္မကောက်နုတ်ချက်စာစုများ၊ ဝိပဿနာ 'ဝလုံးတန်း'၊ ဝိပဿနာ အခြေခံနှင့် အလုပ်ပေးတရား၊ အခြေခံဉာဏ်နှစ်ပါးနှင့် အနတ္တအမြင်၊ သက္ကာယဒိဋ္ဌိ သိပုံပယ်ပုံ၊ လက်တွေ့လျှောက်လှမ်းဓမ္မလမ်းစသည်တို့ကို (ဓမ္မလမ်းစာစဉ်များ)အဖြစ် ရေးသားခဲ့သည်။

## " ဝိပဿနာအခြေခံ နှင့် အလုပ်ပေးတရား "

ဝိဆိုသည်မှာအထူး၊ ပဿနာဆိုသည်မှာ ရှုပွားခြင်းဟု အဓိပ္ပါယ်ရပါသည် ။ အထူး ရှုပွားခြင်းသည် ရုပ်နာမ်ဓမ္မတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ဖြင့် နှလုံးသွင်းခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရုပ်နာမ်တို့အပေါ်တွင် သတ္တဝါဟု အမြင်မှားသည့် အဝိဇ္ဇာ၊ နှစ်သက်သည့် တဏှာ၊ စွဲလမ်းသည့် ဉပါဒါန်တို့ကို ပယ်ရန်အတွက်ဖြစ်ပါသည်။

သစ္စာအနေဖြင့်ကြည့်မည်ဆိုလျှင် အဝိဇ္ဇာ၊ တဏှာ၊ ဉပါဒါန်တို့သည် သမုဒယသစ္စာ ထိုက်ပါသည်။ သမုဒယရှိလျှင် ဒုက္ခရှိပါသည်။ သမုဒယကို ပယ်နိုင်မှ ဒုက္ခငြိမ်းပြီး နိရောဓဆိုက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သမုဒယကို ပယ်နိုင်အောင် ရုပ်နာမ်တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားအနေဖြင့် နှလုံးသွင်းပွားများခြင်းသည် မဂ္ဂသစ္စာထိုက်ပါသည်။ မဂ္ဂသစ္စာပွားခြင်းကြောင့် သမုဒယပယ်ခြင်း၊ ဒုက္ခငြိမ်းခြင်း၊ နိရောဓဆိုက်ခြင်းဆိုသော သစ္စာလေးပါးကို မျက်မှောက်ပြုခွင့် ရပေမည်။

## " အခြေခံဉာဏ်(၂)ပါး "

ဝိပဿနာတရားကို အားထုတ်ကြသော လုပ်ငန်းတွင် အခြေခံကျ၍ မသိမဖြစ် သိကြရမည်ဖြစ်သော အခြေခံဉာဏ် (၂)ပါးရှိ၏။ ၎င်းတို့သည် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ ဖြစ်ကြသည်။

နာမရူပသည် နာမ်ရုပ်ဖြစ်၍ ပရိစ္ဆေဒသည် ပိုင်းခြားသိခြင်း ဖြစ်သည်။ နာမ်နှင့်ရုပ်ကို ပိုင်းခြားသိရမည့် ဉာဏ်ဖြစ်သည်။ ၎င်းသည် ဒိဋ္ဌိ အယူမှားကို ပယ်ရန်အတွက် အခြေခံဉာဏ်ဖြစ်သည်။ ပစ္စယသည် အကြောင်းဖြစ်၍ ပရိဂ္ဂဟသည် သိမ်းဆည်းခြင်းဖြစ်သည်။ အကြောင်း တရားတို့ကို သိမ်းဆည်းတတ်သောဉာဏ် ဖြစ်သည်။ ၎င်းသည် ဝိစိကိစ္ဆာဆိုသော သံသယကို

ပယ်ရန်အတွက် အခြေခံဉာဏ် ဖြစ်သည်။ ထိုဉာဏ် (၂)ခုသည် ဝိပဿနာ စတင် အားမထုတ်မှီ ရှေးဦးစွာ ပထမသိရမည့် ပညာရပ် (၂)ခု ဖြစ်ပါသည်။

နာမ်ရုပ်ကို ပိုင်းခြားသိရမည့်ဉာဏ်နှင့် အကြောင်းတရားကို သိမ်းဆည်း ရမည့်ဉာဏ်တို့သည် ဝိပဿနာ အားထုတ်သည့် အဆင့်တိုင်းတွင် အလွန် အရေးပါ၏။ ထိုအခြေခံဉာဏ် (၂)ခုကို မပိုင်နိုင်သည့်အတွက် ဝိပဿနာ မဖြစ်ခြင်း၊ သမထမှ ရုန်းမထွက်နိုင်ခြင်း၊ သမထနှင့် ဝိပဿနာကိုလည်း မခွဲခြား နိုင်ခြင်းတို့ ဖြစ်နေကြခြင်းဖြစ်ပါသည်။

## " စူဠသောတာပန် "

စူဠသည်အငယ်ဟု အဓိပ္ပါယ်ရသည်။ စူဠသောတာပန်သည် သောတာ ပန်အစစ်ဖြစ်သော မဟာသောတာပန် အလောင်းအလျာ ဖြစ်သည်။ စူဠ သောတာပန်သည် သောတာပန်ပုဂ္ဂိုလ်သိရမည့် အခြေခံ သဘောတရားတို့ကို သိထားသောပုဂ္ဂိုလ် ဖြစ်သည်။ သောတာပန်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အမြစ်ပြတ် ချုပ်ငြိမ်းခြင်းဖြစ်သည်။

နာမရူပပရိစ္ဆေဉာဏ်ခေါ် နာမ်ရုပ်ကိုပိုင်းခြားသိခြင်းနှင့်ပစ္စယပရိဂ္ဂဟ ဉာဏ်ခေါ် အကြောင်းတရားတို့ကို သိမ်းဆည်းတတ်သောဉာဏ်တို့ကို စာသိ၊ ကြံစည်သိမဟုတ်ပဲ ကိုယ်ပိုင်သိ၊ မျက်မှောက်သိ ဖြစ်ပါက စူဠသောတာပန်ဟု ခေါ်ထိုက်ပေသည်။

ဘုရားရှင်၏ ဓမ္မဒေသနာများသည် အရိယသစ္စာကို ထိုးထွင်း သိမြင် နိုင်အောင်သွန်သင်ဆုံးမ ဟောကြားထားတော်မူသော ပညာရပ်များ ဖြစ်ကြပါသည်။ ထိုပညာရပ်တို့ကို စနစ်တစ်ကျ လေ့လာအားထုတ်သင့် ပါသည်။ မဖောက်မပြန် အမြဲမှန်နေသော သစ္စာတရားတို့ကို သိမြင်အောင် လေ့လာရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် စနစ်တကျရှိသော

သင်ကြားမှုစနစ် ရှိသင့်ပေသည်။ သံဃာတော်များ အပိုင်းတွင်ရှေးအစဉ် အဆက်မှစ၍ သင်ကြားနည်းစနစ်ရှိပြီးဖြစ်ပါသည်။ ထို့ကြောင့်လည်း လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်မှ ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်များကို ယနေ့တိုင်အောင် ပြုပြင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နှုတ်ပယ်ခြင်း၊ ပြောင်းလဲခြင်း မရှိပဲ မူလအတိုင်း ထေရဝါဒ ဗုဒ္ဓဘာသာအနေဖြင့် စောင့်ရှောက် ထိန်းသိမ်း နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ဝိပဿနာတရား အားထုတ်လိုသော လူပုဂ္ဂိုလ်များ အတွက် စနစ်တကျသင်ကြားမှု အားနည်းနေသည်ကိုတွေ့ရပါသည်။ အဘိဓမ္မာ သင်တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်းများရှိသည်မှန်သော်လည်း စာမေးပွဲအောင်ရန် အတွက်သာ အဓိကထားနေသောကြောင့် လက်တွေ့ဝိပဿနာနှင့် မနီး စပ်ပဲ ဖြစ်နေပါသည်။ သိပ္ပံပညာတွင် လက်တွေ့ အသုံးချမှုသည် အလွန် တွင်ကျယ်ပါသည်။ ထို့အတူ ဝိပဿနာအားထုတ်မှုသည်လည်း ပရိယတ္တိ စာပေမှ လက်တွေ့အသုံးချမှုဆိုသော ပဋိပတ္တိကို အားထုတ်ခြင်း ဖြစ်ပါသည်။

ထိုသို့လက်တွေ့အသုံးချမှုကို သိပ္ပံပညာတွင် (Apply) လုပ်တယ်ဟု ဆိုပါသည်။ ဗုဒ္ဓ၏ဓမ္မဒေသနာတို့သည် သဘာဝကို ထိုးထွင်းသိအောင် လက်တွေ့ကျကျ ဝေဖန်စမ်းစစ်ရသော ဝိဘဇ္ဇဝါဒ ဖြစ်ပါသည်။ ထို့ကြောင့် လက်တွေ့ကိုယ်တွေ့လေ့လာမှုကို အထူးအားပေးသော ပညာရပ်တစ်ခု ဖြစ်ပါသည်။ သို့သော်လည်း တရားဘာဝနာ လုပ်ငန်းတွင် စာတွေ့၊ လက်တွေ့၌ ကိုယ်တွေ့လေ့လာအားထုတ်မှု (Apply) အားနည်းနေသည် ဟုထင်ပါသည်။ ပြောသည့်အတိုင်း၊ သင်သည့်အတိုင်း အများအားဖြင့် လုပ်ကြပါသည်။ ကိုယ်လုပ်နေတာသည် ဒေသနာနှင့်ညီ၏၊ သဘာဝနှင့်ညီ၏ ဟု ဝေဖန်စီစစ်နိုင်ခြင်း မရှိကြပါ။ ပရိယတ္တိပေတံနှင့် မတိုင်းတတ်ကြပါ။

ထိုသို့ဖြစ်ရသည်မှာလည်း ထိုသူတို့၏အပြစ် မဟုတ်ပါ။ ထိုသို့ဝေဖန်စီစစ်နိုင်သော အခြေခံ သင်ကြားမှုစနစ် မရှိသောကြောင့် ဖြစ်ပါသည်။

ပထမအရိယသစ္စာကိုသိမြင်ရန် ကြိုးစားအားထုတ်နေသူတို့သည် သောတာပန်ပုဂ္ဂိုလ်သိရမည့် အခြေခံသဘောတရား နှစ်ခုဖြစ်သော နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ်နှင့် အကြောင်းတရားတို့ကိုသိမ်းဆည်းတတ်သောဉာဏ်တို့ကို ရရှိရပေမည်။ ထိုဉာဏ်နှစ်ပါးတို့ကို ကိုယ်ပိုင်သိ၊ မျက်မှောက်သိ ဖြစ်သောအခါ စူဠသောတာပန်ဖြစ်ပြီး မဟာသောတာပန်အစစ်ဖြစ်ရန်အတွက် ဉာဏ်အဆင့်ဆင့်ရင့်ကျက်အောင်ပွားများအားထုတ်၍ အကြောင်းတရားတို့ ပြည့်စုံလုံလောက်သောအခါ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ပုထုဇဉ်ဘဝကို နောင်တစ်ဖန် မဖြစ်ခြင်းအားဖြင့် အပြီးတိုင်ပယ်စွန့်ကာ အရိယာဘဝကို တက်လှမ်းနိုင်ပေမည်။

## " အဆင့်ကျော်နေခြင်း "

အများအားဖြင့် တရားအားထုတ်သူတို့သည် အခြေခံသဘောတရား(၂)ခုကို ပြည့်စုံပြီးမြောက်အောင် အားထုတ်တတ်သော သင်ကြားမှု မရရှိခဲ့ကြပါ။ ထိုအခါ သောတာပန် အရိယာအဖြစ်ကိုဝေးစွ၊ သောတာပန်အငယ်စား (စူဠသောတာပန်) ဖြစ်ရန်ပင် အသိတရား မပြည့်စုံကြပါ။ သို့သော်လည်း ထိုသူတို့သည် ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှန်း၊ ဖြစ်ပျက်ဆုံးချင်နေကြလေသည်။ မဟာသောတာပန်အစစ်ဖြစ်ရေး ကြိုးစားနေကြလေသည်။ သဒ္ဓါ၊ ဝီရိယ၊ သမာဓိတွေ ကောင်းကြသော်လည်း သတိ၊ ပညာ အားနည်းနေကြပါသည်။ ထို့ကြောင့် သဒ္ဓါလွန်ကဲ ပညာနည်းနေသဖြင့် အဆင့်တွေ ကျော်နေခြင်းဖြစ်ပါသည်။

## " အခြေခံသဘောတရား (၂)ခု "

## (နာမရူပပရိစ္ဆေဒဉာဏ်)

နာမရူပပရိစ္ဆေဒဉာဏ် ခေါ် နာမ်ရုပ်ကို ပိုင်းခြားသိနိုင်ရန်အတွက် နာမ်ရုပ်ကို မမြင်နိုင်အောင် ဖုံးလွှမ်းပိတ်ဆို့ထားသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို ဖယ်ရပေမည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တွင်အဝိဇ္ဇာ၊ တဏှာသည် သိမ်မွေ့၍ ဥပါဒါန်သည် ထင်ရှား၏။ ထိုကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို ဦးစွာသိမြင်အောင်အားထုတ်ရာတွင် ထင်ရှားသော ဥပါဒါန်နှင့် စတင်နှလုံးသွင်းလျှင် အဆင်ပြေတတ်ပါသည်။

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် မြင်ရာ၌ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးဟု မသိမှုက အဝိဇ္ဇာ၊ နှစ်သက်မှုက တဏှာ၊ စွဲလမ်းမှုက ဥပါဒါန်ဖြစ်သည်။ ဤသို့ဖြင့် မြင်မှုကိစ္စတွင် အဆင်း ရူပါရုံသည် ရုပ်၊ သိမှုသည် နာမ်ဟု ဉာဏ်မှာမမြင်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုဟု မြင်သောကြောင့် အဝိဇ္ဇာရှိ၏။ ၎င်းတို့ကို တွယ်တာနှစ်သက်လျှင် တဏှာ၊ စွဲလမ်းလျှင် ဥပါဒါန်ဖြစ်လေသည်။ ဤသို့ဖြင့် အဝိဇ္ဇာရှိမှန်း သိနိုင်သော်လည်း တဏှာ၊ ဥပါဒါန်ခွဲခြားရန် လို၏။ ထိုအခါ ဥပါဒါနပစ္စယာ ကမ္မဘဝဆိုသည့် ဒေသနာတော်ကို ကိုးကားရ၏။ ဥပါဒါန်ကြောင့် ကမ္မဘဝဆိုသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြစ်ကြရ၏။ ဥပမာ ရုပ်ရှင် ဥပါဒါန်ကပ်သူက ရုပ်ရှင်အကြောင်း ပြော၏။ ဘောလုံးပွဲ ဥပါဒါန်ကပ်သူက ဘောလုံးပွဲအကြောင်း ပြော၏။ ဤသို့ဖြင့် ကိုယ်ဥပါဒါန် ကပ်ရာကိုသာ ပြောကြ၊ လုပ်ကြ၊ တွေးကြခြင်းဖြစ်သည်။ သတိပဋ္ဌာန်မရှိ သောကြောင့်သာ မသိနိုင်ခြင်းဖြစ်ပါသည်။

ဥပမာ၊ စတိုးဆိုင် တစ်ဆိုင်သို့သွားလျှင် မြင်မှုကို နာမ်ရုပ်ဟု မသိမှုက အဝိဇ္ဇာ၊ နှစ်သက်မှုက တဏှာဖြစ်၏။ သို့သော် နှစ်သက်သော်လည်း

ဥပါဒါန်မကပ်၊ မစွဲလမ်းပါက မမေးမိ၊ မကိုင်မိ။ အိမ်ပြန်လာသော်လည်း စိတ်ထဲမှာ မတွေးမိချေ။ မနောကံမမြောက်။ ဥပါဒါန်ကပ်ပါက မိမိနှစ်သက်သောပစ္စည်းကို မေးမိ၏။ ကိုင်မိ၏။ မဝယ်ဖြစ်ပါကလည်း စိတ်ထဲမှာ အတွေးပေါ်၏။ ဥပါဒါန်ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံ မြောက်နေ၏။ ဤသို့ဖြင့် ဥပါဒါန်ကပ်၊ မကပ်ကို သတိပဋ္ဌာန်ရှိပါက သိနိုင်ပေသည်။

ရုပ်နာမ် ပရမတ်အပေါ်တွင် ဖုံးထားသော အဝိဇ္ဇာ၊ တဏှာကို ဖယ်နိုင်ရန်အတွက် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဥပါဒါန်ကပ်၊ မကပ်ကို စတင်သတိထားနှလုံးသွင်းလျှက် အကြမ်းစား၊ အလတ်စား၊ အနုစား ဥပါဒါန်တို့ကို အဆင့်ဆင့် မြင်နိုင်လာပေမည်။ ထိုအခါ ဥပါဒါန်ပါးလျှင် ပါးသလောက် အဝိဇ္ဇာ၊ တဏှာတို့လည်း နည်းပါးလာ၏။ မျြူပိတ်နေလျှင် မမြင်နိုင်ပဲ အထင်နှင့် မှန်းဆနေရသလို အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်မြူကြောင့် ပရမတ် နာမ်ရုပ်ကို မမြင်နိုင်ကြပဲ မှန်းဆပြီး ဖြစ်ပျက် လုပ်နေခြင်းနှင့် တူနေ၏။

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေး အပေါ်မှာရှိသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို သတိ၊ ပညာနှင့်သိမြင်ပြီး ပါးအောင် နှလုံးသွင်း အားထုတ်နိုင်ပါက ရုပ်နာမ်ပရမတ်တို့၏သဘာဝကို ယထာဘူတကျကျ အရှိကို အရှိအတိုင်း ဉာဏ်ဖြင့် သိမြင်နိုင်ပေမည်။

(အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် ဘယ်လိုဖြစ်သလဲ၊ ဘယ်နေရာမှာရှိသလဲ၊ ၎င်းတို့ကို ပယ်ရအောင် မဂ္ဂင်ဖြင့် ဘယ်လို နှလုံးသွင်းမလဲ စသည်တို့ကို ယခုစာအုပ်၏ ဒုတိယအပိုင်း လက်တွေ့ ဝိပဿနာတွင် ရေးသားတင်ပြ ထားပါသည်။)

(၁၀)

## " ပစ္စယပရိဂ္ဂဟဉာဏ် "

ဖြစ်ပေါ်လာသောတရားတိုင်းတွင် အကြောင်းအရင်းခံရှိ၏။ အလိုလို ဖြစ်သည်မရှိ၊ ဖန်းဆင်းရှင်မရှိ၊ တန်းခိုးရှင်မရှိ၊ အကြောင်းအကျိုးမျှသာ ဖြစ်၏။ ဗုဒ္ဓဘုရားရှင်၏ အခြေခံသဘောတရားတွင် အကျိုးတရားသည် အကြောင်း အားလျော်စွာပင် ဖြစ်ပေါ်ရ၏။ အကြောင်းတရားကို လျှစ်လျူပြု၍ အကျိုးတရားအပေါ်မှာ မိမိအလိုအတိုင်း အစိုးမရ၊ အတ္တမဟုတ်၊ အနတ္တ ဝါဒဖြစ်၏။ အကျိုးတရားအပေါ်မှာ မိမိအလိုအတိုင်း အစိုးရတယ်ဟု ယူဆလျှင် အတ္တဝါဒဖြစ်လေသည်။

ဥပမာ - လက်ခုပ်တီးခြင်း အကြောင်းကြောင့် လက်ခုပ်သံ မြည်ခြင်း အကျိုးတရား ဖြစ်ပေါ်မှုကိစ္စတွင် လက်ခုပ်တီးသော်လည်း မိမိအလိုအတိုင်း လက်ခုပ်သံမမြည်အောင် အကျိုးတရားအပေါ်တွင် အစိုးရလျှင် အတ္တရှိ၏။ လက်ခုပ်သံကို လက်ခုပ်တီးခြင်းအကြောင်းကြောင့် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော အကျိုးတရားဟု လက်ခံလျှင် အနတ္တဖြစ်၏။ လက်ခုပ်သံ အကျိုးတရားသည် မိမိနှင့်မဆိုင်၊ အကြောင်းတရားကိုသာ မိမိကအားထုတ် ရ၏။ အကျိုးတရားသည် အကြောင်းတရားတို့ ပြည့်စုံညီညွတ်သောအခါ သူ့သဘောသူဆောင်၍ ဖြစ်ပေါ်ရသည်။ ထိုကြောင့် လက်ခုပ်သံ အကျိုး တရားသည် ငါ၊ ငါ့ဥစ္စာမဟုတ်ပါ။ အကြောင်းအကျိုး ဆိုသော အနတ္တသဘာဝ အနေဖြင့်သာ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

ဗုဒ္ဓဘာသာ၏ အခြေခံတွင် ကံနှင့်ကံ၏အကျိုးကို ယုံကြည် လက်ခံ ခြင်းသည် အလွန်အရေးကြီးလှ၏။ ကံနှင့်ကံ၏အကျိုးဆိုသော ကောင်းမှု လုပ်လျှင် ကောင်းကျိုးပေး၏။ မကောင်းမှုလုပ်လျှင် မကောင်းကျိုးပေး၏။ အကြောင်းကောင်းလျှင် အကျိုးကောင်း၏၊ အကြောင်းမကောင်းလျှင် အကျိုးဆိုး၏ဟု အကြောင်းအကျိုးဆိုသော သဘာဝ နိယာမတရား

တစ်ခုသာဖြစ်၏။ ဖန်တီးရှင်၊ တန်ခိုးရှင်တို့၏ ကိစ္စမဟုတ်ဆိုသည်ကို ထင်ရှားစွာ သိမြင်စေခြင်းဖြစ်သည်။

ကံနှင့်ကံ၏အကျိုးသည် သမုတိနယ်မှ အကြောင်းအကျိုးဖြစ်၍ ပစ္စယပရိဂ္ဂဟဉာဏ်သည် ပရမတ်နယ်မှ အကြောင်းအကျိုးကို သိသောဉာဏ် ဖြစ်သည်။ အနတ္တဉာဏ်၏ အခြေခံသဘောတရားဖြစ်သည်။

ထို့ကြောင့် ဝိပဿနာစတင် အားထုတ်မည့်သူသည် ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြစ်သော အကြောင်းတရားတို့ကို သိမ်းဆည်းခြင်းဆိုသည့်ဉာဏ် ပညာကိုရရှိရန် အလွန်အရေးကြီး၏။ ဖြစ်ပေါ်လာသော တရားတိုင်းတွင် အကြောင်းအရင်းခံရှိ၏ဟူသော အဆိုတွင် မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ တွေးမှုတို့ ဖြစ်ပေါ်တိုင်းသည် အကျိုးတရားများဖြစ်ကြ၍ ၎င်းတို့တွင်ရှိသော အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ရှာဖွေ၍ သိမ်းဆည်း တတ်ရပေမည်။

**“ အကြောင်းအကျိုးကို ပိုင်းခြားသိခြင်း ”**

အကြောင်းတရားသည် မိမိနှင့်သာဆိုင်၏။ မိမိအားထုတ် လုပ်ဆောင် ရသည်မှာ အကြောင်းတရားတို့ကို ဖြည့်ဆည်းနေခြင်းသာဖြစ်၏။ အကျိုး တရားကို မိမိကလုပ်သည်မဟုတ်၊ အကြောင်းတရားတို့ပြည့်စုံ လုံလောက် သောအခါ အကျိုးတရားသည် သူ့သဘောသူဆောင်ပြီး အသစ်အသစ် ဖြစ်ပေါ်နေခြင်းသာဖြစ်၏။ သို့သော် ပရမတ် သဘာဝကို မမြင်နိုင်သောကြောင့် အကျိုးတရားကို ငါလုပ်သည်ဟု စွဲယူသိမ်းပိုက်ခြင်းဖြစ်သည်။ ထိုအခါ အတ္တ၊ အတ္တနိယသဘောဖြစ်သော ငါ၊ ငါ့ဥစ္စာ ဖြစ်ပေါ်လာလေသည်။ ဥပမာ- အမှောင်ကိုပယ်လိုလျှင် အလင်းဆိုသော အကြောင်းတရားကို အားထုတ် လုပ်ဆောင်ရန်သာ လိုသည်။ အမှောင်ကို ပယ်စရာမလိုပေ။ အလင်းဆိုသော အကြောင်းတရားပြည့်စုံသည်နှင့် အမှောင်သည် ကွယ်ပြောက်ရ၏။ မိမိသည်

အကြောင်းတရားနှင့်သာ ဆိုင်၏။ အကျိုးတရားသည် အကြောင်းတရား ပြည့်စုံသည်နှင့် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်ရ၏။ ထို့အတူ မျက်စိနှင့် အဆင်းတိုက်ခြင်းကြောင့် မြင်စိတ် ပေါ်မှုကို အကြောင်းအကျိုး အနတ္တလို့ မသိ။ ငါ မြင်တယ်ဟု သိ၏။ မြင်သည့်အကျိုး တရားအပေါ်မှာ ငါလုပ်သည် ဟု စွဲယူလိုက်ခြင်း ဖြစ်သည်။ အတ္တအယူ ဖြစ်လေသည်။ မြင်မှုကို ငါဟုမယူပဲ မျက်စိနှင့်အဆင်းတိုက်မှု အကြောင်းကြောင့်ဖြစ်သော မြင်မှု အကျိုးတရား ဟုယူလျှင် အနတ္တဖြစ်၏။ ထိုအခါ ပုဂ္ဂိုလ်၊ သတ္တဝါအမြင် လွတ်ပြီး အကြောင်း ကြောင့် အကျိုးဖြစ်၏၊ အကြောင်းချုပ်သဖြင့် အကျိုးချုပ်၏ဟူသော ဓမ္မ သဘောသက်သက် အပေါ်တွင် ဉာဏ်ဖြင့် ထိုးထွင်း သိမြင်နိုင်ပေမည်။

## " ပရမတ်နာမ်ရုပ် "

ဝိပဿနာဆိုလျှင် နာမ်ရုပ်က စကြစမြဲ ဖြစ်ပါသည်။ နာမ်ရုပ်တွင်လည်း ရုပ်သည် ထင်ရှားသဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုသည့် ဓါတ်ကြီး (၄)ပါးခေါ် မဟာဘုတ် ဓါတ်တရားတို့မှစ၍ သင်ပြကြပါသည်။

## " သင်ကြားပုံစနစ် "

(၁) ပထဝီ - မာခြင်း၊ ပျော့ခြင်း
(၂) အာပေါ - ဖွဲ့စည်းခြင်း၊ ယိုစီးခြင်း
(၃) တေဇော - ပူခြင်း၊ အေးခြင်း
(၄) ဝါယော - ထောက်ကန်ခြင်း၊ လှုပ်ရှားခြင်း

အထက်ပါအဓိပ္ပါယ်တို့သည် အများနားလည်သော သမုတိနယ်က အသုံးများ ဖြစ်ကြပါသည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ခေါ်ဆိုရုံမျှနှင့် မာခြင်း၊ ဖွဲ့စည်းခြင်း၊ ပူခြင်း၊ လှုပ်ခြင်းသိရုံမျှနှင့် ပရမတ်ဟု မခေါ်နိုင်သေးပါ။

၆ ၎င်းတို့သည် အခြင်းအရာ အမူအရာ (ပြယုတ်)မျှသာ ဖြစ်ကြသေးသည်။ ပညတ်သိသာ ရှိသေးသည်။

ပရမတ်သည် ဉာဏ်၏အာရုံဖြစ်သည်။ မာခြင်း၊ ပူခြင်း၊ လှုပ်ခြင်းကို လက်နှင့်စမ်းလျှင် သိနိုင်ပါသည်။ လူတိုင်းလည်း သိကြပါသည်။ ၎င်းတို့သည် ဉာဏ်၏အာရုံ မဟုတ်သေးပါ။ လက်နှင်စမ်း၍သိသော စိတ်၏ အာရုံသာ ဖြစ်ပါသည်။ စိတ်သိသည် သူသိ၊ ငါသိဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် သဘောပါဝင်၏။ ဉာဏ်သိသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို ပယ်သော ပညာသဘော ပါဝင်လေသည်။

### " ပထဝီဓါတ် နှင့် အာပေါဓါတ် "

ဉာဏ်၏အာရုံဖြစ်ရန် ပညာလိုပေသည်။ ပညာသည် အကြောင်း အကျိုးဆိုသော အနတ္တအမြင် ပါဝင်ရမည်။ ဥပမာ မာမှုသည် အကျိုး တရားဖြစ်၍ မာသည့်အခြင်းအရာ ဖြစ်ပေါ်နေခြင်းကိုလည်း လက်ဖြင့်စမ်း၍ သိနိုင်ပေသည်။ ပရမတ်တရားတို့သည် လက်ဖြင့်ကိုင်၍ မရပါ။ ဉာဏ်ဖြင့်သာ သိခွင့်ရခြင်းဖြစ်သည်။ မာသည့် အခြင်းအရာသည် အကျိုးတရားဖြစ်လျှင် မာခြင်းကို ဖြစ်စေတတ်သော သတ္တိ (သို့မဟုတ်) သိပ်သည်းစေတတ်သော သတ္တိ (Density)သည် အကြောင်းတရားဖြစ်သည်။ ထိုအကြောင်း တရားကို လက်ဖြင့်ကိုင်၍လည်းမရ၊ မျက်စိဖြင့် ကြည့်၍လည်းမရပါ။ ဉာဏ်ဖြင့်သာ သိနိုင်လေသည်။ သိပ်သည်းခြင်း (Density) များလျှင် မာ၍ သိပ်သည်းခြင်း (Density) နည်းလျှင် ပျော့ခြင်းဖြစ်သည်။ ထိုသတ္တိကို ပထဝီဓါတ်ဟု ခေါ်ပါသည်။

ဥပမာ - လက်ထိပ်ဖြင့် ခုံတစ်ခုအပေါ်တွင် ဖိကြည့်လျှင် လက် ထိပ်တွင် သိပ်သည်းခြင်း (Density)ပြောင်းလဲမှုကို တွေ့ရ၏။ ၎င်းသည်

ပထဝီဓါတ်၏ အခြင်းအရာ သဘောဖြစ်၏။ အများအားဖြင့် ခဲ၏မာခြင်း ကိုသာ သိကြလေသည်။ ထို့အတူ ခွက်တစ်ခုကို ကိုင်လိုက်လျှင် လက်ထိပ် ၌၎င်း လမ်းလျှောက်လျှင်လည်း ခြေဖဝါးတွင်၎င်း ပထဝီဓါတ်၊ သိပ်သည်းခြင်း (Density) ပြောင်းလဲမှုကို တွေ့ရပေမည်။

ထိုအတူ ဖွဲ့စည်းစေတတ်သော သတ္တိသည် အာပေါဓါတ်ဖြစ်၏။ ထိုသတ္တိ အားကောင်းလျှင် ဖွဲ့စည်းပုံကောင်း၍ ထိုသတ္တိအားနည်းလျှင် ဖွဲ့စည်းပုံ ညံ့ပေမည်။ ဥပမာ ရေနှင့် ရေခဲတွင် ရေ၌ ဖွဲ့စည်းပုံအားနည်း၏။ ရေခဲ၌ ဖွဲ့စည်းပုံ အားကောင်း၏။ ဖွဲ့စည်းပုံ အားကောင်းသည်နှင့် ဒြပ်၊ ဝတ္ထု၊ ပုံသဏ္ဍာန် ဖြစ်ပေါ်လာပြီး ပထဝီဓါတ်ဖြစ်သော သိပ်သည်းခြင်းသတ္တိပါ အားကောင်း လေသည်။ ရေတွင်ဖွဲ့စည်းပုံ အားနည်းသောကြောင့် ပထဝီဓါတ်၏ သိပ်သည်း မှုသည်လည်း လျော့နည်းနေခြင်းဖြစ်သည်။ ဤသို့ဖြင့် ပထဝီဓါတ်နှင့် အာပေါ ဓါတ်သတ္တိတို့သည် ရုပ်ဝတ္ထုတိုင်းတွင် ယှဉ်တွဲပါဝင်နေကြသည်ကို ဉာဏ်ဖြင့် သာသိမြင်နိုင်လေသည်။

အထူးသဖြင့် ဒြပ်၊ ဝတ္ထု၊ ပုံသဏ္ဍာန်တို့သည် အာပေါဓါတ်၏ အစွမ်းကြောင့်သာ ဖြစ်ပေါ်ရသည်။ အာပေါဓါတ် ဖွဲ့စည်းခြင်းသတ္တိ၏ အစွမ်းဖြင့် ပထဝီဓါတ်သည် ဒြပ်၊ ဝတ္ထု၊ ပုံသဏ္ဍာန် အခြင်းအရာ အနေဖြင့် ဖြစ်ပေါ်လာခြင်းမျှသာဖြစ်၏။ ဥပမာ အိမ်ပုံစံမတူခြင်း၊ ကားပုံစံမတူခြင်း တို့မှာ အာပေါဓါတ်၏ အစွမ်းသတ္တိသာ ဖြစ်၏။ အာပေါဓါတ်ကို ဉာဏ်ဖြင့်သာ သိရ၍ ဓမ္မာရုံထိုက်သော တရားတစ်ခု ဖြစ်ပါသည်။

**" တေဇောဓါတ်နှင့် ဝါယောဓါတ် "**

ပူစေတတ်သော သတ္တိ၊ ရင့်ကျက်စေတတ်သော သတ္တိသည် တေဇော ဓါတ်ဖြစ်သည်။ တေဇောဓါတ်သည် အပူစွမ်းအင် ဖြစ်သည်။ လောကတွင်

လှုပ်ရှားမှုတိုင်းသည် စွမ်းအင်ရှိမှုဖြစ်ပေါ်ရသည်။ ထို့ကြောင့် တေဇောဓါတ်သည် ထောက်ကန် လှုပ်ရှားစေတတ်သော ဝါယောဓါတ်နှင့်ယှဉ်တွဲ၍ ပါဝင်နေသည်ကို ဉာဏ်၏ အာရုံအနေဖြင့် သိနိုင်ပေသည်။

ထောက်ကန်လှုပ်ရှား စေတတ်သောသတ္တိသည် ဝါယောဓါတ်ဖြစ်သည်။ လှုပ်ရှားခြင်းသည် အမူအရာ (Appearance)မျှသာဖြစ်၍ ပရမတ် ဝါယောဓါတ် မဟုတ်ပါ။ လှုပ်ရှားခြင်းကို ဖြစ်စေတတ်သော သတ္တိကသာ ဝါယောဓါတ် ဖြစ်ပါသည်။ ဥပမာ - ရေတံခွန်တစ်ခုတွင် ရေများကျဆင်းနေခြင်းသည် လှုပ်ရှားနေသော အခြင်းအရာ (Appearance) မျှသာဖြစ်သည်။ ၎င်းလှုပ်ရှားမှုကို ဖြစ်စေသော တိုးမှု တွန်းမှုသတ္တိကသာ ဒလက်တစ်ခုကို လည်ပတ်စေနိုင်သော ဝါယောဓါတ်၏ စွမ်းအားသတ္တိဖြစ်သည်။ ထိုလည်ပတ်မှု စွမ်းအားဖြင့် လျှပ်စစ်ဒိုင်နမို (Generater) မှ လျှပ်စစ်မီး အပူဓါတ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤသို့ဖြင့် ထောက်ကန်လှုပ်ရှားစေတတ်သော ဝါယောဓါတ်တို့သည် တေဇောဓါတ်တို့ဖြင့် ယှဉ်တွဲနေကြသည်ကိုလည်း ဉာဏ်ဖြင့် သိခွင့်ရပေမည်။ ၎င်းတို့သည် အကြောင်းတရားတို့ကို သိမ်းဆည်း တတ်သော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်သာ သိခွင့်ရခြင်းဖြစ်သည်။

### “ ရေ နှင့် ရေခဲဥပမာ ”

| | ပထဝီဓါတ် | အာပေါဓါတ် | တေဇောဓါတ် | ဝါယောဓါတ် |
|---|---|---|---|---|
| ရေ - | (နည်း) | (နည်း) | (များ) | (များ) |
| ရေခဲ - | (များ) | (များ) | (နည်း) | (နည်း) |

## " မျက်မြင် နှင့် ဉာဏ်မြင်"

မီးရထားသံလမ်းသည် ဝေးလျှင်ကျဉ်းသွားသည်ကို မျက်စိဖြင့် မြင်ရသော်လည်း ဘယ်နေရာမှ မကျဉ်းကြောင်းကို ဉာဏ်ဖြင့်သာ အမှန်သိ၏။ ဉာဏ်အမြင်မပါပဲ မျက်မြင်အတိုင်းသာယူနေပါက သစ္စာနှင့်အလှမ်းဝေးနေအုံးမည်။

## " စိတ် နှင့် သမာဓိ "

သမာဓိဆိုသည်မှာ စိတ်ကို အာရုံတစ်ခုမှ မပျံ့လွင့်သွားအောင် ထိုအာရုံ၌ တည်နေအောင် အားထုတ်၍ ရရှိထားသော စွမ်းအားတစ်ခုဖြစ်သည်။ တရားအားထုတ်သူသည် သမာဓိ၏အစွမ်းကြောင့် ကြွကြွ၊ ရွရွ၊ မွမွ၊ လှုပ်လှုပ်စသည်တို့ကို အများအားဖြင့် တွေ့တတ်ကြပါသည်။ တစ်ချို့လည်း အလင်း၊ အမှုံစသည်ဖြင့် နိမိတ်အမျိုးမျိုးကိုလည်း တွေ့တတ်ပါသည်။ ထိုအခါ ၎င်းတို့ကို ရုပ်ပရမတ်ထင်ပြီး ဝိပဿနာအနေဖြင့် ရှုပွားနေတတ်ပါသည်။ ရှုပွားနေသည်မှာကြာလာသော်လည်း ထိုထက်ပိုပြီး အသိတိုးမလာပါ။ သို့သော် သမာဓိ အားကောင်းသော သူအချို့တွင် ထိုရွရွ၊ မွမွ၊ လှုပ်လှုပ်များ ရုတ်တရက် ချုပ်ပျောက်တတ်ပါသည်။ ထိုအခါ တရားထူးရသလိုလို ထင်လာတတ်ပါသည်။ တစ်ချို့နှစ်ပေါင်းများစွာ အားထုတ်နေပါသော်လည်း ခန္ဓာကို မငြီးငွေ့ပဲ ကမ္မဋ္ဌာန်း အလုပ်ကို ငြီးငွေ့လာကြသည်ကိုလည်း တွေ့ရကြားရပါသည်။

ဥပမာတစ်ခုပေးချင်ပါသည်။ ယခုအခါတွင် သွေးစစ်သည်ကို လူတိုင်းသိကြပါသည်။ သွေးစက်ကို မှန်ဘီလူး (Microscope) အောက်မှာထားပြီး ကြည့်လျှင် မှန်ဘီလူး၏အစွမ်းကြောင့် သွေးတွင်ပါဝင်သည်တို့ကို အစက်

အပြောက်၊ အလုံးအဝိုင်းစသည့် အနေဖြင့် သာမန်လူတို့ မြင်ရပေမည်။ ၎င်းသည် သမာဓိအစွမ်းဖြင့်သိသော စိတ်သိနှင့်တူ၏။ ၎င်းသွေးစက်ကို ဆရာဝန်တို့ကြည့်ပါမူ ပညာသိ၊ ဉာဏ်သိဖြင့် မြင်ပေမည်။ ရောဂါကိုလည်း သိမည်၊ ပျောက်ကင်းအောင်လည်း ကုသနိုင်ပေမည်။

**“ သမာဓိ နှင့် ပညာ ”**

ဝင်လေထွက်လေ၌ ဖြစ်စေ၊ စင်္ကြံလျှောက်၍ဖြစ်စေ၊ သွားအချင်းချင်း ကြိတ်ဝါး၍ဖြစ်စေ၊ လက်နှင့်ကိုင်၍ဖြစ်စေ၊ ထိနေသော သဘောမှတစ်ပါး အမည်၊ သဏ္ဌာန်များ ပညတ်မပါရအောင်၊ ထိနေသောအာရုံမှ မပျံ့လွင့်အောင် ထိနေသည့်အာရုံ သက်သက်ပေါ်မှာပဲ တည်နေအောင် သမာဓိလို၏။ ထိုသမာဓိ မပြည့်စုံလျှင် လေ၊ နှာခေါင်း၊ ခြေထောက်၊ ကြမ်း၊ ပါးစပ်၊ သွား၊ လက်၊ ခွက် စသည်ဖြင့် အာရုံများပျံ့သွားသောကြောင့် နာမသဏ္ဌာန် ပညတ်များ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုထိသော အာရုံမှ လွဲ၍ တခြားသို့ မပျံ့လွင့်အောင် သမာဓိ ထူထောင်ရပေမည်။

သမာဓိအစွမ်းဖြင့် ထိုထိသော အာရုံ၌တည်လျှင် ရုပ်ပရမတ်တို့ကို ကောက်တတ်သော ဉာဏ်ပညာ လိုအပ်၏။ ထိသော အာရုံပေါ်တွင် ဓါတ် (၄)ပါး အစုအဝေးမှ ထင်ရှားရာကို ဉာဏ်ဖြင့် သိမ်းဆည်းတတ်ရပေမည်။

ဥပမာ - လက်ထိပ်ဖြင့် စားပွဲပြင်ပေါ်တွင် ထိကြည့်ပါ။ တွေ့ထိသော အခြင်းအရာ ဖြစ်ပေါ်ရန်အတွက် နောက်မှ တွန်းထိုး ထောက်ကန်သော သဘောသည် ရှိရ၏။ ထိုဝါယောဓါတ်၏ တွန်းမှုအစွမ်းကြောင့် လက်ထိပ်တွင် သိပ်သည်းခြင်း၊ ပထဝီဓါတ်သည် ဖြစ်ပေါ်လာ၏။ တွန်းမှု ဝါယောဓါတ် သည်လည်း တေဇော ဓါတ်စွမ်းအား မရှိပဲနှင့်မဖြစ်နိုင်။ လှုပ်ရှားမှုတိုင်းတွင် စွမ်းအားလို၏။ ထိုတေဇော၊ ဝါယော၊ ပထဝီဓါတ် သုံးပါးတို့ကို အညီအညွတ်

တစ်ပေါင်းတည်း ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းမှု အာပေါခါတ်ရှိရသည်။ ဤသို့ဖြင့် ထိမှုတစ်ခုတွင် ဉာဏ်ဖြင့်သာ ဓါတ် (၄)ပါးတို့ကို သိမ်းဆည်းနိုင်လေသည်။

## " လက် နှင့် စားပွဲပျောက် နာမ်ရုပ်ရောက် "

လက်ထိပ်နှင့် စားပွဲပြင်အပေါ်ထိရာတွင် အထက်ပါအတိုင်း ဉာဏ်ဖြင့် ဓါတ်(၄)ပါးတို့ကို သိမ်းဆည်းတတ်ပါက လက်လည်းပျောက် စားပွဲလည်းပျောက်ပြီး ဓါတ်(၄)ပါးဆိုသော ရုပ်ဖြစ်ပေါ်မှုကို ဉာဏ်ဖြင့် သိမြင်နိုင်ပေသည်။ ရုပ်နှင့်နာမ်သဘောကို ထိတာကရုပ်၊ သိတာက နာမ်ဟု ဆိုသော်လည်း သမုတိနယ်မှ သူသိ၊ ငါသိမျိုး မဟုတ်ပါ။ သတိ၊ သမာဓိ၊ ပညာဖြင့် နှလုံးသွင်းနိုင်ပြီး ဉာဏ်ဖြင့်သာသိနိုင်သော ပရမတ်အမြင်မျိုး ဖြစ်ကြောင်းကို အထူးသတိပြုသင့်ပါသည်။

## " ပရမတ် နှင့် ဝိပဿနာ "

ပရမတ်ရုပ်နာမ်ကို ဉာဏ်ဖြင့် သိမ်းဆည်းတတ်ပါက ပရမတ်တရားတို့၏ သဘာဝသည် ဉာဏ်တွင် ထင်ရှားလာပေမည်။ ပရမတ်တရားတို့သည် အကြောင်းတိုက်ဆိုင်မှသာ ဖြစ်ပေါ်ကြ၏။ ဖြစ်တဲ့နေရာမှာပင် ချုပ်ပျောက်၏။ နေရာရွှေ့ပြောင်းခြင်းလုံးဝ မရှိ။ သူ့သဘောသူဆောင်၏ စသည်ဖြင့် ပရမတ်တရားတို့၏ သဘောသဘာဝကို ဉာဏ်ဖြင့် တွေ့မြင်လာပေမည်။ ထိုအခါ အမှန်အတိုင်း ယထာဘူတကျကျ သိမြင်သောကြောင့် ထိုရုပ်နာမ်တရားတို့ အပေါ်မှာ အမြဲ မရှိတဲ့သဘော၊ အခိုင်အမာ မရှိတဲ့သဘော၊ အနှစ်အသား မရှိတဲ့သဘော အစသည်ဖြင့် ဉာဏ်မှာ ထင်ရှားလာပြီး သူများပြောမဟုတ်ပဲ ကိုယ်ပိုင်သိဖြင့် ဆုံးဖြတ်နိုင်လေသည်။ ထိုသို့ အမှန်အတိုင်း ဆုံးဖြတ် သိမြင်ခြင်းဖြင့် အဝိဇ္ဇာချုပ်သောကြောင့် ရုပ်နာမ်တရား

အပေါ်မှာ တွယ်တာ စွဲလမ်းနေသော တဏှာ၊ ဥပါဒါန်များကို ပယ်နိုင်လေသည်။ ရုပ်နာမ်၊ ကြောင်းကျိုး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ကို သစ္စာလေးပါးနှင့် စပ်၍မသိသော အဝိဇ္ဇာအား ပယ်နိုင်ခြင်းကြောင့် တဏှာ၊ ဥပါဒါန် ဆိုသော သမုဒယ ကိလေသာတရားတို့ ချုပ်ပျောက်လေတော့သည်။

## " သမုဒယ ပယ်ဖို့သာ အဓိက "

ဘုရားရှင်၏ သာသနာတွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုသော သမုဒယပယ်မှုသာ ပဓာနဖြစ်၏။ သမုဒယကြောင့် ဒုက္ခဖြစ်ရ၏။ သမုဒယကို ပယ်လျှင် ဒုက္ခချုပ်၏။ မဂ္ဂင်ပွားခြင်းကြောင့် သမုဒယကို ပယ်နိုင်လျှင် ဒုက္ခချုပ်ငြိမ်းပြီး နိဗ္ဗာန်ရောက်ပေသည်။

## " နာမ်ကိုသိမ်းဆည်းခြင်း "

ရုပ်နာမ်နှစ်ပါးတွင် ရုပ်သည်ထင်ရှား၏။ နာမ်သည် မထင်ရှား၊ သိမ်မွေ့သောသဘောရှိ၏။ ရုပ်အစုအပေါင်းကို ရူပက္ခန္ဓာဟုခေါ်၍ နာမ်အစုအပေါင်းကို နာမက္ခန္ဓာဟုခေါ်၏။ နာမ်ခန္ဓာ (၄) ပါးရှိ၏။ ခံစားမှုသဘောသည် ဝေဒနာက္ခန္ဓာ၊ မှတ်သားမှုသဘောသည် သညာက္ခန္ဓာ၊ စေ့ဆော်မှုသဘောသည် သင်္ခါရက္ခန္ဓာ၊ သိမှုသဘောသည် ဝိညာဏက္ခန္ဓာတို့ဖြစ်၏။ ထိုနာမ်ခန္ဓာ (၄)ပါးတွင် မှတ်သားမှုသဘော သညာက္ခန္ဓာသည် သင်ကြားရာ၌ သိလွယ်၏။

မှတ်သားမှုသဘော အစုအပေါင်းကို သညာက္ခန္ဓာဟု ခေါ်၏။ ဥပမာ လူတိုင်းတွင် နာမည်ကိုယ်စီရှိကြ၏။ သို့သော် မွေးသောအခါက နာမည်မပါ။ အဖေအမေက နာမည်ပေးသောကြောင့် ခေါ်ဝေါ်ပြောဆိုဆက်ဆံရန်အတွက် နာမည်တစ်ခုရလေသည်။ ထိုနာမည်ကို ငါ့အမည်ဟု မှတ်သားမှုသဘောသည် မွေးရာပါသညာ ဖြစ်လေသည်။ သို့သော် မွေးရာပါခန္ဓာသညာကို သတိ

မေ့နေကြပါသည်။ တကယ်မရှိပဲ ခေါ်ဝေါ် ဆက်ဆံရန်အတွက် သုံးရသော ထိုနာမည်ကိုတော့ ခေါ်သံကြားလိုက်သည်နှင့်ငါပဲ၊ ငါ့နာမည်ပဲဟု တကယ် ထင်ပါသည်။ အမှန်မှာ နာမည်ခေါ်သံသည် အသံနှင့်နာမည်သာ အရှိတရား ဖြစ်သော်လည်း ကြားသူမှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုသော ပုဂ္ဂိုလ်၊ သတ္တဝါ အယူမှားများ ဖြစ်ပေါ်သွားလေသည်။ ထိုအယူမှားကို ဒိဋ္ဌိဟု ခေါ်၏။ နာမည်နှင့်အသံကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအနေဖြင့် မှားယွင်းစွာ ဒိဋ္ဌိနှင့်စွဲလမ်းနေခြင်းဖြစ်သောကြောင့် ဒိဋ္ဌုပါဒါန်ဟု ခေါ်သည်။ သို့သော် ဒိဋ္ဌိဖြုတ်ချင်သော ယောဂီသည် မိမိနာမည်မှာပင် ဒိဋ္ဌိကပ်နေမှန်း မသိနိုင် ကြပါ။ ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန်အနေဖြင့် မိမိနာမည်မှာပင် ကပ်နေကြောင်း မသိပဲ ဘယ်မှာဒိဋ္ဌိသွားဖြုတ်မည်နည်း။ ဒိဋ္ဌိဖြုတ်ချင်လျှင် ဒိဋ္ဌိကပ်ရာကို ဦးစွာ မြင်အောင် ကြည့်နိုင်ရပေမည်။

ဥပမာ - မိမိနာမည်ကို ခေါ်သံကြားပါက မိမိတွင် သညာပေါ်၏။ နာမည်ကို သညာက မှတ်သားထားခြင်းသာ ဖြစ်သည်။ သညာပေါ်သည်ဟု ဉာဏ်က အကြောင်းကို မသိမ်းဆည်းတတ်သောကြောင့် ငါပဲ၊ ငါ့နာမည်ပဲဟု ပုဂ္ဂိုလ်၊ သတ္တဝါအယူမှား ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သညာပေါ်တာကို ငါ၊ ငါ့နာမည်ဟု အသိမှားခြင်းက အဝိဇ္ဇာ၊ ငါ ငါ့နာမည်အပေါ်မှာ နှစ်သက်မှုက တဏှာ၊ စွဲလမ်းမှုက ဥပါဒါန် ဖြစ်ပေါ်လေသည်။

မိမိ၏နာမည်ကို ခေါ်သံကြားမှုအပေါ်တွင် အကြောင်းမသိမ်းဆည်း နိုင်သောကြောင့် ဉာဏ်ဖြင့် သညာပရမတ်ကို မကောက်နိုင်ခြင်းဖြစ်သည်။။ နာမည်ခေါ်သံဆုံးသည်နှင့် ထိုသညာချုပ်၏။ သညာ၏ဖြစ်မှု၊ ပျက်မှု သဘောသည် သူ့သဘောသူဆောင်၏။ မမြဲသော အနိစ္စဖြစ်၏။ ခေါ်သံနှင့် အကြောင်းတိုက်ဆိုင်မှ ထိုသညာ ဖြစ်ပေါ်၏။ ခေါ်သံနှင့် အကြောင်းမတိုက်

ဆိုင်ခင်ကလည်း ထိုသညာမရှိ။ အကြောင်းကင်းသောအခါ၌လည်း ထိုသညာမရှိ။ သညာ၏အမြဲမရှိမှု၊ အခိုင်အမာမရှိမှု၊ အနှစ်သာရမရှိမှု စသည်တို့ကို ဉာဏ်မှာ ထင်ရှားလာပြီး အနိစ္စ၊ အနတ္တလက္ခဏာများ ထင်ပေါ်လာတော့သည်။ ထိုအခါ သညာပေါ်တွင် ငါ၊ ငါ့ဥစ္စာဟု ဥပါဒါန်ဖြင့် စွဲယူထားသော ဒိဋ္ဌိ၊ တဏှာတို့ကို ပယ်ရှားနိုင်ပေမည်။

ဤကဲ့သို့ သညာကို စတင်နှလုံးသွင်းနိုင်ပါက မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ပညတ်အပေါ်၌ တကယ်ရှိ၊ အမှန်ရှိ စွဲထင်နေသော အယူမှားများ လျော့ပါးသက်သာလာပြီး သညာ၏သဘောအမှန်ကို စတင်နားလည်ခွင့်ရပေမည်။ ထိုသို့ သညာပရမတ်အပေါ်တွင် အမြင်စင်ကြယ်လာပါက ဉာဏ်ရင့်လာသောအခါတွင် မြင်လျှင် ရူပသညာ (အဆင်း)၊ ကြားလျှင် သဒ္ဒသညာ (အသံ) စသည်ဖြင့် ဂန္ဓသညာ (အနံ့)၊ ရသသညာ (အရသာ)၊ ဖောဋ္ဌဗ္ဗသညာ (အထိ)၊ ဓမ္မသညာ (သဘောတရား) အနေဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါလွတ်အောင် သိမြင်ခွင့် ရရှိလာပေမည်။

သညာအပေါ်မှာ ဖုံးလွှမ်းနေသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ကို ပယ်နိုင်သောအခါ သညာသည် ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်။ သညာသည် မှတ်သားမှုသဘောမျှ သတ္တိရှိသော သညာအဖြစ်သိမြင်သွားပြီး မှတ်သားမှု သက်သက်ဆိုသော ဓမ္မသဘာဝ ကြိယာသဘောကို ဉာဏ်ဖြင့် ထိုးထွင်း သိမြင်နိုင်ပေမည်။

ဤသို့ဖြင့် သညာအပေါ်တွင် အဝိဇ္ဇာကြောင့် အသိမှားခြင်း၊ တဏှာ ဥပါဒါန်ကြောင့် တွယ်တာစွဲလမ်းခြင်း စသော သမုဒယများကို ပယ်ရှားနိုင်ခြင်းဖြင့် နောက်ဘဝ၊ နောက်ခန္ဓာဆိုသော သညာက္ခန္ဓာများ အသစ်တစ်ဖန် မဖြစ်ပေါ်ခြင်းဖြင့် ချုပ်ငြိမ်းသော နိရောဓသစ္စာသို့ဆိုက်ရောက်လေတော့သည်။

သညာကို ဉာဏ်ဖြင့် သိမ်းဆည်းသကဲ့သို့ ကျန်သောနာမ်ခန္ဓာ (၃)ပါးဖြစ်သည့် ဝေဒနာ၊ သင်္ခါရ၊ ဝိညာဏ်များကိုလည်း မိမိပါရမီအလိုက် ဉာဏ်မှာ ထင်ရှားလာသည့်အတိုင်း အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ပရမတ်အာရုံတို့အပေါ်တွင် ကြိုးစားသိမ်းဆည်း နှလုံးသွင်းပွားများ ခြင်းဖြင့် ဝိပဿနာအလုပ်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တိုင်အောင် အားထုတ် နိုင်ကြပေမည်။

**" ပဋိစ္စသမုပ္ပါဒ် ၊ ဝဋ်သုံးပါး နှင့် အခြေခံဉာဏ် (၂) ပါး "**

| (ဝိပါကဝဋ်) | (ကိလေသဝဋ်) | (ကမ္မဝဋ်) |
|---|---|---|
| ဝိညာဏ် | အဝိဇ္ဇာ | သင်္ခါရ |
| နာမ်ရုပ် | တဏှာ | ကမ္မဘဝ |
| သဠာယတန | ဥပါဒါန် | |
| ဖဿ | | |
| ဝေဒနာ | | |

(မြင်၊ကြား၊နံ၊စား၊ထိ၊တွေး)

မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ တွေးမှု တို့တွင် ဖြစ်ပေါ်သောခန္ဓာ၅ပါး၊ ရုပ်နာမ်နှစ်ပါးတို့သည် ဝိပါကဝဋ် ဖြစ်၏။ ၎င်းတို့ကို ပုဂ္ဂိုလ်၊ သတ္တဝါလို့ အသိမှားမှုသည် အဝိဇ္ဇာ၊ နှစ်သက်မှုသည် တဏှာ၊ စွဲလမ်းမှုသည် ဥပါဒါန် ဖြစ်၏။ အဝိဇ္ဇာ၊ တဏှာ ၊ ဥပါဒါန်တို့သည် ကိလေသာဝဋ် ဖြစ်ကြ၍ ဥပါဒါန်ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အားထုတ်မှု သင်္ခါရ များဖြစ်ပေါ်ကာ ကုသိုလ်၊ အကုသိုလ်ကံများ ဖြစ်ပေါ်ကြခြင်းသည် ကမ္မဝဋ် ဖြစ်သည်။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးဆိုသော ဝိပါကဝဋ်အပေါ်တွင် အဝိဇ္ဇာ၊

တဏှာ၊ ဥပါဒါန် ကိလေသာဝင်သောကြောင့် ကမ္မဝဋ်ဖြစ်ပေါ်ကာ သံသရာလည်ရခြင်း ဖြစ်သည်။ ကိလေသာဝဋ်ချုပ်လျှင် ကမ္မဝဋ်ချုပ်၍ သံသရာရပ်၏။

ဥပါဒါနပစ္စယာ ကမ္မဘဝဆိုသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ဥပါဒါန်ကြောင့်ဖြစ်ပေါ်နေရသည်ဟု ဆို၏။ ထိုသို့ဆိုလျှင် မိမိ၌ဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့၏ အကြောင်းကိုသိမ်းဆည်းလိုပါက ဥပါဒါန်ကို ကောက်တတ်ရပေမည်။ ဥပါဒါန်ကို ဉာဏ်ဖြင့် မြင်နိုင်ရပေမည်။ မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့တွင် ဥပါဒါန်ကိုမိလျှင် အကြောင်းကိုသိမ်းဆည်းနိုင်သော ပစ္စယပရိဂ္ဂဟဉာဏ်ကိုရလေသည်။

ထိုကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဥပါဒါန် ကပ်၊ မကပ်ကို နှလုံးသွင်းဆင်ခြင်ခြင်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရင့်သန်ထက်မြက်စေ၍ ဥပါဒါန်ကပ်တာကိုသိလျှင်လည်း ဥပါဒါန်ဖြစ်ပျက်သိတာကမင်္ဂဖြစ်၏။ စိတ်သည် တစ်ကြိမ်တွင် နှစ်စိတ်ပြိုင်မဖြစ်ပေ။ ဥပါဒါန်ကပ်သောအချိန်တွင် ဥပါဒါန်ကိုမသိနိုင်ချေ။ သိသောအချိန်တွင်လည်း ဥပါဒါန်မရှိတော့ချေ၊ ချုပ်ပြီးဖြစ်၏။ ဥပါဒါန်မကပ်တာကို သိလျှင်လည်း မောဟချုပ်၏။ မောဟ မရှိတာကို မောဟမရှိမှန်း သိလျှင်လည်း မဂ္ဂသစ္စာထိုက်၏။ မဂ္ဂသစ္စာသည်သာ ဝိပဿနာ၏လိုရင်းပဓာနဖြစ်သည်။ ဤသို့ဖြင့် ပဋိစ္စသမုပ္ပါဒ်၏ အကြောင်းအကျိုးကို ခန္ဓာဉာဏ်ရောက်သိမြင်လျှင် အခြေခံဉာဏ်နှစ်ပါးကို ရလေသည်။

**" သညာ နှင့် သင်္ခါရ "**

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း အပေါင်းတို့သည် နေ့စဉ် ဘုရားရှိခိုးတတ်ကြပါသည်။ အများအားဖြင့် ငါဘုရားရှိခိုးဦးမှဆိုပြီး ဘုရား စင်ရှေ့

အရောက်သွားတတ်ကြပါသည်။ ဘုရားရှိ ခိုးနေစဉ်၌လည်း ဘုရားဂုဏ်တော်၊ ပုံတော်များကို ရည်မှန်းဦးခိုက် ကန်တော့ကြပါသည်။ ဤသည်မှာ ရိုးရာ အစဉ်အလာ တစ်ခုဖြစ်ပါသည်။ အလွန် ကောင်းမြတ်ပါသည်။ ပန်း၊ ဆီးမီး၊ သောက်တော်ရေ၊ ဆွမ်းတော်ပွဲ စသည်ဖြင့်လည်း ဆက်ကပ် လှူဒါန်းကြပါသည်။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာ ကုသိုလ်များရကြပါသည်။

သို့သော် ထိုထက်ပို၍ သညာ၊ သင်္ခါရတို့၏ ပရမတ်သဘာဝ တရားတို့ အလုပ်လုပ်နေကြပုံကို မြင်နိုင်လျှင် ဝိပဿနာ ဘာဝနာကုသိုလ်ပင်ထပ်၍ ရနိုင်ကြပေမည်။ ဥပမာ ဘုရားရှစ်ခိုးချင်တာကို ဆန္ဒစေတသိက်ပေါ်သည်၊ စေတနာက တိုက်တွန်းနှိုးဆော်သည်၊ ဝီရိယက ဘုရားစင်ရှေ့ရောက်အောင် အားထုတ်သည်။ ဤသို့သိနိုင်လျှင် မနောကံ၊ ကာယကံဆိုသော သင်္ခါရ တရားတို့ကို ဉာဏ်ဖြင့်သိမ်းဆည်းနိုင်ပေသည်။

ဘုရားဂုဏ်တော်များ ရွတ်ပွားသောအခါ၌လည်း အရဟံ၊ သမ္မာ သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော စသည်ဖြင့် ရွတ်ဆိုကြ၏။ ပစ္စယပရိဂ္ဂဟ ဉာဏ်ဖြင့် အကြောင်းကိုသိမ်းဆည်းနိုင်လျှင် ထိုရွတ်ဆိုမှုတို့သည် သညာများ ဖြစ်ပေါ်ချုပ်ပျောက်နေခြင်းသာ ဖြစ်သည်။ အရဟံဟု ဆိုလိုက် သည်နှင့် ထိုအရဟံသညာ မရှိတော့ချေ။ နောက်ထပ်ဆိုသော သမ္မာသမ္ဗု ဒ္ဓေါသညာဖြစ်ပေါ်ပြီး ချက်ခြင်းချုပ်ပျောက်၏။ ဤသို့သညာ၏ ဖြစ်ပုံ ချုပ်ပုံကို ဉာဏ်နှင့်ယှဉ်၍ နှလုံးသွင်းနိုင်ပါက ဝိပဿနာကုသိုလ်ပင် ထပ်မံ ရရှိနိုင်ပေမည်။

ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း သတိပဋ္ဌာန်ဖြင့် အမြဲ နှလုံးသွင်းနေနိုင်ပါက ဉာဏ်ပညာဖြင့် ခန္ဓာ၏ ပရမတ်သဘာဝတို့အား ပုဂ္ဂိုလ်၊ သတ္တဝါအမြင်ကို ကျော်လွန်၍ သိမြင်နှလုံးသွင်း တတ်လာပေမည်။

ပရမတ်ခန္ဓာအမြင် စင်ကြယ်လာပါကလည်း အဝိဇ္ဇာပါးလာသောကြောင့် တဏှာ၊ ဥပါဒါန်များ ချုပ်ငြိမ်းလာပြီး ထိုခန္ဓာငါးပါးတို့အပေါ်မှာ ငါ၊ ငါ့ဥစ္စာလို့ ဥပါဒါန်ဖြင့် တွယ်တာစွဲလမ်းတတ်သော ဒိဋ္ဌိ၊ တဏှာများ လွှင့်ပါး ပျောက်ကွယ်ရပေမည်။

ဗုဒ္ဓဘုရားရှင်၏ သာသနာတွင် မဂ္ဂင်ရှစ်ပါးအကျင့်မြတ်တရားသည်သာ ပဓာနဖြစ်ပေသည်။ မဂ္ဂင်အကျင့်ဖြင့်သာ အဝိဇ္ဇာအဖုံးကို ဖွင့်နိုင်လေသည်။ အဝိဇ္ဇာအဖုံးပွင့်မှလည်း ပရမတ်အမှန်ကိုဉာဏ်ဖြင့်သိပြီး တဏှာ၊ ဥပါဒါန်ဆိုသော သမုဒယတို့ကို ဖြစ်ခွင့်မပြုခြင်းဖြစ်သည်။ သမုဒယဖြစ်ခွင့် မရသောကြောင့် ရုပ်နာမ် ဒုက္ခတို့ ချုပ်ငြိမ်းကာ နိရောဓသစ္စာ အသခ်တနိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း ဖြစ်သည်။

## " ကမ္မသတ္တိ (သို့မဟုတ်) ကံသတ္တိ "

ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု ပြုလုပ်ရာ၌၎င်း၊ အကုသိုလ်မကောင်းမှု ဒုစရိုက်ပြုလုပ်ရာ၌၎င်း အဓိကမှာ စေတနာသည် အရေးကြီး၏။ စေတနာသည် ပြဋ္ဌာန်း၏။ စေတနာ သခ်ါရကြောင့် ကုသိုလ်၊ အကုသိုလ် ကံမြောက်ကြရခြင်း ဖြစ်သည်။

စေတနာသည် အကြောင်းတိုက်ဆိုင်တုန်း ခဏသာ ဖြစ်ပေါ်၏။ အကြောင်းကင်းသည်နှင့် ချုပ်ပျောက်သွား၏။ သို့သော် စေတနာသည် ချုပ်ပျောက်သွားသော်လည်း ကုသိုလ်၊ အကုသိုလ်ကံသည် ကမ္မသတ္တိ အနေဖြင့် စိတ်အစဉ်မှာ ကိန်း၍ အမြဲလိုက်ပါနေ၏။ ထိုကမ္မသတ္တိသည် အနာဂတ် ကာလတွင် အကြောင်းတရားတို့ ပြည့်စုံလုံလောက်သောအခါ အကျိုး တရားအနေဖြင့် ကျေးဇူးပြုတတ်သော သဘာဝသတ္တိ ရှိလေသည်။

အဓိကတင်ပြလိုသည်မှာ စေတနာတို့သည် ပရမတ်သဘာဝ အနေဖြင့် ဖြစ်သည့်နေရာမှာ ချုပ်ပျောက်ကြ၏။ သို့သော် စေတနာ သည် စိတ်အစဉ်မှာ ကံသတ္တိအနေဖြင့် ကျေးဇူးပြုထားခဲ့သည်။ ထိုကံသတ္တိသည်လည်း အကိန်း ဓါတ်သဘောအနေဖြင့် စိတ်အစဉ်မှာ ပါဝင်သွား၏။ အနာဂတ်တွင် အကြောင်းတရားတို့ ပြည့်စုံသောအခါ ထိုကံသတ္တိသည် အကျိုးတရား တစ်ခုကို ဖြစ်ခွင့်ပြုလေသည်။ ကံသတ္တိသည် စိတ်အစဉ်မှာကိန်းနေပြီး အကြောင်းတရားတို့ ညီညွတ်ပြည့်စုံသောအခါ အကျိုးတရားတို့ကို ဖြစ်ခွင့်ပြုနိုင်သော အစွမ်းသတ္တိ ရှိလေသည်။

ကံသတ္တိ၏စိတ်အစဉ်မှာ ကိန်းနေပုံကို ဥပမာပေးရလျှင် လုပ်ငန်း ဌာနတစ်ခုတွင် အကြီးအကဲတစ်ဦးက လက်အောက်ဝန်ထမ်းတို့ကို လုပ်ငန်း ခွင်တွင် ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ စသည်ဖြင့် အမိန့်ထုတ်ထား ပါက ၎င်းအမိန့်သည် ပြောဆိုသတိပေးပြီးသည်နှင့်ချုပ်ပျောက် သွား၏။ သို့သော် ဝန်ထမ်း အလုပ်သမားတို့၏ စိတ်အစဉ်တွင် ထိုသတ္တိသည် ကိန်းနေ၏။ တစ်ခါတစ်ရံ ဆေးလိပ်သောက်ချင်စိတ်၊ ကွမ်းစားချင်စိတ် ဖြစ်ပေါ်လာသော်လည်း စိတ်အစဉ်တွင် လိုက်ပါနေသော ထိုသတ္တိ၏ စွမ်းအားသည် ဆေးလိပ်သောက်ခွင့် ကွမ်းစားခွင့် မပြုချေ။ ဤနည်းတူ စေတနာ သင်္ခါရတို့သည် ချုပ်ပျက်ပြီး သော်လည်း ကံသတ္တိ အနေဖြင့် စိတ်အစဉ်တွင် ကိန်းနေသည်ကို သူများပြော မဟုတ်ပဲ၊ ကိုယ်တိုင်သိ၊ မျက်မှောက်သိအနေဖြင့် ဆုံးဖြတ်နိုင်ပေသည်။

## " အလုပ်ပေးတရား "

အလုပ်ပေးတရားဟု ခေါင်းစဉ်တပ်ထားရသည်မှာ တရားပြောပြီး သောအခါများတွင် တချို့ကလည်း ဘယ်လိုတရားထိုင်ပြီး မှတ်ရမှာလဲ၊ အလုပ်ပေးတရားလေးလည်း ပြောပေးပါအုံး စသည်ဖြင့် မေးတတ်ကြ ပါသည်။ တစ်ချို့ကလည်း နားထောင်လို့တော့ ကောင်းပါတယ်။ ဘယ်လိုကျင့်ရမှန်း မသိဘူးစသည်ဖြင့် ပြောသံ၊ ဆိုသံ ကြားရပါသည်။ အဲဒီအတွက် အကျဉ်းချုပ် ရေးပေးရခြင်း ဖြစ်ပါသည်။

စတင်တရားနှလုံးသွင်းအားထုတ်သူများသည် သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပဆိုသော ပညာမဂ္ဂင် မဝင်တတ်သေးချေ။ ဝီရိယ၊ သတိ၊ သမာဓိ ဆိုသော သမာဓိမဂ္ဂင်ကိုသာ ပြည့်စုံအောင် ကြိုးစားအားထုတ်ရ၏။ ထို့ကြောင့် ဝင်လေ ထွက်လေပဲ မှတ်မှတ်၊ ပိန်တယ် ဖေါင်း တယ်ပဲ မှတ်မှတ်၊ ကြွတယ် လှမ်းတယ် ချတယ်ပဲ မှတ်မှတ်၊ နာတာ ကျင်တာ၊ တောင့်တာ တင်းတာ၊ လှုပ်ရှားတာပဲ မှတ်မှတ် ၎င်းတို့သည် ဝီရိယ၊ သတိ၊ သမာဓိတို့ကို ထူထောင် နေခြင်းသာဖြစ်သည်။

သမာဓိမဂ္ဂင်တို့ အတိုင်းအတာတစ်ခုအထိ ပြည့်စုံလာသောအခါ ထိသည့်အပေါ်မှာရင်း၊ တွန်းသည့်အပေါ်မှာရင်း၊ ပူသည့် အေးသည့် အပေါ် မှာရင်း သမာဓိတည်လာ၏။ ဥပမာ - လက်နှင့် ခွက်ကိုကိုင်သောအခါ လက်နှင့် ခွက်အပေါ်သို့ အာရုံမပျံ့လွင့်တော့ပဲ၊ ထိသည့်သဘောအပေါ်မှာသာ ကွက်ခြား၍ ဉာဏ်ဖြင့် ကောက်တတ်လာ၏။ အမည် သဏ္ဍာန် ပညတ်များ ဖြစ်သော လက်၊ ခွက်ပျောက်တော့သည်။ သမုတိနယ်ဖြစ်သော လက်နှင့် ခွက်ကိုကိုင်ခြင်း မဟုတ်တော့ပဲ ထိသည့်နေရာမှာ သိပ်သည်းမှု ပထဝီဓါတ် (ရုပ်) ပေါ်သည်ဟု ဉာဏ်မှာ ထင်ရှားလာပေမည်။

ထိုသို့ထိသည့်အပေါ်မှာ ပညတ်မဖက်ပဲ ပရမတ်သဘာဝကိုမိလာသောအခါ အကြောင်းတိုက်ဆိုင်မှ ရုပ်ပေါ်၏။ အကြောင်းကင်းတာနဲ့ ရုပ်မရှိတော့၊ ရုပ်သည် အနိစ္စ မမြဲသည့်အပြင် ဝိပဿနာ အားထုတ်သူ၏ ဉာဏ်တွင် ရုပ်သည်အမြဲမရှိ၊ အကြောင်းတိုက်ဆိုင်မှသာ ဖြစ်ပေါ်၏ဟု ပေါ်လွင်ထင်ရှားလာလေသည်။ ၎င်းကို ပစ္စုပဋ္ဌာန်ဟု ခေါ်ပါသည်။ ပရမတ်သဘာဝကို စာသိ၊ ပြောရုံသိမဟုတ်ပဲ ကိုယ်ပိုင်သိ၊ မျက်မှောက်သိအနေဖြင့် ဉာဏ်တွင် ထင်ရှားစွာ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ထိုအခါ ထိမှုသဘောသက်သက်ပေါ်တွင် အမြဲမရှိသည့်သဘော၊ အခိုင်အမာမရှိသည့်သဘော၊ အနှစ်သာရ မရှိသည့်သဘောများကို သူများပြောမဟုတ်ပဲ ကိုယ်ပိုင်ဉာဏ်တွင် ဖြစ်ပေါ်လာခြင်းသည် အနိစ္စ၊ အနတ္တ လက္ခဏာဉာဏ်များ ဖြစ်လာခြင်းပင်ဖြစ်သည်။ ထိုသို့လက္ခဏာများကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်လာမှသာ ဝိပဿနာ ဖြစ်လေသည်။

ထို့ကြောင့် ဝင်လေထွက်လေ၌ ထိမှုသော်၎င်း၊ ပိန်တယ်၊ ဖေါင်းတယ်၌ တိုးမှု တွန်းမှုသော်၎င်း၊ လှုပ်တယ်၊ ချတယ်၌ တွန်းမှု၊ ထိမှုသော်လည်း သမုတိနယ်မှ ပရမတ်နယ်ရောက်အောင် ပညတ်လွတ်အောင် နှလုံးသွင်းပြီး ပရမတ်စင်ကြယ်လာသောအခါ ပရမတ်တို့၏သဘာဝကို ဉာဏ်တွင် ထင်ရှားလာပြီး အနိစ္စ၊ အနတ္တလက္ခဏာများဝင်ကာ ထိုရုပ်တရားတို့ အပေါ်တွင် ငါ၊ ငါ့ဥစ္စာအနေဖြင့် မစွဲလမ်းတော့ပဲ ဒိဋ္ဌိ၊ တဏှာဖြစ်သော သမုဒယသစ္စာကို ပယ်နိုင်လေတော့သည်။

ထို့ကြောင့် စတင်တရားနှလုံးသွင်းသူများသည် အနည်းဆုံး နာရီဝက်ခန့် ဝင်လေ ထွက်လေ၊ ပိန်တယ် ဖေါင်းတယ်၊ ထိတယ်သိတယ် စသည်ဖြင့်မှတ်ရင်း ဝီရိယ၊ သတိ၊ သမာဓိတို့ကို ဦးစွာထူထောင်ပါ။

ထို့နောက် တရားထိုင်ရာမှ ဖြေးဖြေးထပြီး စင်္ကြံလျှောက်ပါ။ ထိုအခါ ထူထောင်အားထုတ်ထားသော သတိ၊ သမာဓိအားဖြင့် မြင်မှု၊ ကြားမှု၊ ထိမှု၊ တွန်းမှုတို့တွင် ပညတ်လွတ်အောင် ပရမတ်ရောက်အောင် ဝီရိယ စိုက်၍ ကြိုးစားနှလုံးသွင်းပါ။ ဤသို့ဖြင့် နေ့စဉ် မြင်မှု၊ ကြားမှု၊ ထိမှု၊ သိမှု စသည်တို့အပေါ်မှာ မိမိတို့၏ လေ့ကျင့်ပျိုးထောင်ခဲ့သည့် ပါရမီအလိုက် ဉာဏ်တွင် ပရမတ်တရားတို့သည် ထင်ရှားစွာ ဖြစ်ပေါ်လာပေမည်။ ထို့နောက် ဉာဏ်ရင့်သန်လာသောအခါ ပရမတ်တရားတို့၏သဘာဝလက္ခဏာများ၊ သာမညလက္ခဏာများ ထင်ရှားလာပြီး ဝိပဿနာဉာဏ်များ ရင့်သန်လာကာ အကြောင်းတရားတို့ ပြည့်စုံညီညွတ်သည်နှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုခွင့်ရပေမည်။

## “ ပရမတ်သိ နှင့် လက္ခဏာသိ ”

သင်လို့သိခြင်း၊ ဖတ်လို့သိခြင်းသည် သမုတိနယ် အသိသာ ဖြစ်သည်။ ပရမတ်နယ်အသိသည် နည်းလမ်း မှန်ကန်စွာ နှလုံးသွင်းနိုင်ပါက ကိုယ့်အလို မဟုတ်ပဲ သူ့အလိုအားဖြင့် ဉာဏ်မှာ ပရမတ်သဘာဝသည် ထင်ရှားလာ ပေမည်။ ၎င်းကို ကိုယ်ပိုင်သိ၊ မျက်မှောက်သိဟု ခေါ်ခြင်းဖြစ်သည်။

ထို့အတူ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာများမှာလည်း ကိုယ့်အလို အတိုင်း လက္ခဏာတင်ရခြင်း မဟုတ်ပါ။ သူ့အလိုအားဖြင့် ဉာဏ်မှာ မမြဲ သည့်သဘော၊ ဆင်းရဲသည့်သဘော၊ သူ့သဘောသူဆောင်သည့်သဘော ထင်ရှားလာမှ ဝိပဿနာ ဖြစ်ပေမည်။ (သူ့အလိုအားဖြင့်ဆိုသော အဓိပ္ပါယ်မှာ ကိုယ်နှင့်မဆိုင်သော ဥပေက္ခာသဘော ဖြစ်လေသည်။ ဥပေက္ခာဖြစ်ရန် ဥပါဒါန်ပြုတ်ရပေမည်။ ဥပါဒါန်ပြုတ်မှသာ ဥပေက္ခာဖြစ်၏။ ဥပေက္ခာဖြစ်မှ

ကိုယ့်အလိုကင်းပြီး သူ့အလိုအတိုင်း သူ့သဘောသူဆောင်သည်ကို သိမြင်နိုင်လေသည်။ )

## " ထိပြီးရင် မရှိတာကိုကြည့် အဲဒါဖြစ်ပျက်ပဲ "

တရားအားထုတ်သူတိုင်း ဖြစ်ပျက်ကိုအလွန် တွေ့ချင်ကြပါသည်။ သို့သော် ဖြစ်ပျက်၏သဘောကို ပရမတ်သဘာဝအနေဖြင့် နားမလည် သဘော မပေါက်ကြပါ။ ဖြစ်ပျက်ကို သမုတိနယ်ကလို ဒြပ်၊ ဝတ္ထုတွေ ဖြစ်ပေါ် ပျက်စီးနေသလို တွေ့ချင် မြင်ချင် နေသောကြောင့် ပညတ်အမြင်ဖြင့်သာ ဖြစ်ပျက်ကို မြင်ချင်နေခြင်း ဖြစ်ပါသည်။

ရုပ်နာမ်တို့၏ ပရမတ်သဘာဝဖြစ်ပျက်မှာ အများထင်သလို မဟုတ်ပါ။ အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပေါ်သည်နှင့်တပြိုင်နက် ဖြစ်သည့်နေရာမှာ ချုပ်ပျောက်ပါသည်။ အကြောင်းမကင်းသ၍ အသစ်အသစ် ဖြစ်ပေါ်မှုတွေနှင့် အစားထိုးနေသောကြောင့် ဆက်တိုက်ပျက်နေသည်ကို မျက်မြင်အနေဖြင့် မမြင်တွေ့နိုင်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ပရမတ်သဘာဝ၏ ဖြစ်မှုပျက်မှုကို သိမြင်လိုလျှင် အကြောင်းတိုက်ဆိုင်လျှင်ဖြစ်ပေါ်၍ အကြောင်းကင်းသည်နှင့် မရှိသည့်သဘောကို ဦးစွာမြင်အောင် ကြည့်သင့်ပါသည်။ ၎င်းကို ဖြစ်ပျက် အခြေခံ (Concept)ဟုလည်း ပြောနိုင်ပါသည်။ ပစ္စယတော ဥဒယဗ္ဗယဟုခေါ်ပါသည်။ အကြောင်းအကျိုးအားဖြင့် ဖြစ်ပျက်ရှုပြီး အနတ္တသဘောကို ဉာဏ်ဝင်ခြင်း ဖြစ်ပါသည်။ အနတ္တလက္ခဏာဝင်နိုင်ရန်သာ လိုရင်းဖြစ်သည်။ ဥပမာ ခြေဖဝါးနှင့်ကြမ်းပြင် ထိမှုတွင် အကြောင်းတိုက်ဆိုင်ခိုက်သာ ထိမှုပေါ်၏။ အကြောင်းကင်းသည်နှင့် ထိုထိမှုသည် လုံးဝမရှိ တော့ချေ။ ထိမှုဆိုသော ပရမတ်သဘောသည် ငါနှင့်မဆိုင်၊ ငါ့ဟာမဟုတ်ဆိုသော ဉာဏ်

အသိဖြင့် ငါ၊ ငါ့ဥစ္စာအဖြစ် ဥပါဒါန်ဖြင့် စွဲယူတတ်သော ဒိဋ္ဌိ၊ တဏှာ သမုဒယကို ပယ်ရန်သာ အဓိကလိုရင်းဖြစ်ပါသည်။

ဆက်တိုက် ဖြစ်ပျက်ကို တွေ့လိုလျှင် ဥပမာ အနေဖြင့် လက်မောင်း လက်ဖျံတစ်လျှောက်ကို လက်သည်းနှင့်ထိ၍ ဆက်တိုက် တဖြည်းဖြည်း ဆွဲကြည့်ပါ။ ဆက်တိုက်ထိသည်ကို ထိပြီးတိုင်း မရှိသည့်သဘောအား ဉာဏ်ဖြင့် ကွက်ခြားသိနိုင်လျှင် အပျက်ဆက်တိုက်ကို နှလုံးသွင်းနိုင်လာ ပေမည်။ ထိုသို့ ပရမတ်သဘာဝ၏ ဖြစ်ပေါ်မှုနှင့် ချုပ်ပျောက်မှုကို ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင် နှလုံးသွင်းတတ်ပါက ဝင်လေထွက်လေတွင် ထိပြီး မရှိသည့် သဘောကို ဉာဏ်ဖြင့် ဆက်တိုက် တစ်ဆက်တည်း နှလုံးသွင်းနိုင်ပါလျှင် အပျက်ချည်း ရှုနိုင်သည့် ဉာဏ်ဖြစ်ပေါ်လာပေမည်။ ဥပမာ - ရေပြင်တွင် မျဉ်းတစ်ကြောင်းဆွဲကြည့်ပါက ဆွဲလိုက်တိုင်း ဘာမှမကျန်ရှိပဲ ချုပ်ပျောက် သွားသည်ကိုသာ ဆက်တိုက်တွေ့ရပေသည်။ ထို့အတူ ပရမတ်တရား တို့သည် အကြောင်းကင်းသည်နှင့် တစ်စွန်းတစ်စမျှမကျန်ပဲ ကုန်ခမ်း ပျောက် ကွယ်ကြလေကုန်၏။

## " လမ်းစဉ် နှင့် ပန်းတိုင် "

ဝိပဿနာအားထုတ်ရာတွင် ဖြစ်ပျက်သည် ပန်းတိုင် (End) မဟုတ်ပါ။ လမ်းစဉ် (Means) သာဖြစ်ပါသည်။ လမ်းစဉ်ကို ပန်းတိုင်ထင်လျှင် လမ်းစဉ်မှာပင် လမ်းဆုံး၍ ရပ်နေတတ်ပါသည်။ ပန်းတိုင်သည် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့ ဖြစ်ပေါ်တိုင်း ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့ကို ငါ၊ ငါ့ဥစ္စာ အဖြစ် ဥပါဒါန်နှင့် စွဲလမ်းတတ်သော ဒိဋ္ဌိ၊ တဏှာ(သမုဒယ)ကို ပယ်ရန်သာ ဖြစ်ပါသည်။ သမုဒယကို ပယ်နိုင်မှ မဂ္ဂင် ဖြစ်ပါသည်။

ဝိပဿနာသည် မဂ္ဂင်ပွားများ အားထုတ်ရခြင်းဖြစ်၏။ မဂ္ဂင်ပွားများနေလျှင် သမုဒယကိုပယ်ပြီးသား ဖြစ်နေတော့သည်။ မိမိက သမုဒယကို ပယ်ရန် မလိုပေ။ မဂ္ဂင်ပွားခြင်းဆိုသော အကြောင်းတရားကို ပြည့်စုံအောင် အားထုတ်ရခြင်းသာဖြစ်သည်။ မဂ္ဂင်ကသာ သမုဒယကို ဓမ္မသဘောအားဖြင့် ပယ်ခြင်းဖြစ်သည်။

ထိုကြောင့် လမ်းစဉ် (Means)မှာပင် လမ်းဆုံးအနေဖြင့် ရပ်မနေကြပဲ ပရမတ်ရုပ်နာမ်တို့အပေါ်မှာ လက္ခဏာတစ်ခုခုဖြင့်သစ္စာဝင်တတ်အောင် ကြိုးစားနှလုံးသွင်းရပေမည်။ သစ္စာဝင်တတ်မှလည်း မဂ္ဂင်ဖြင့် သမုဒယကိုပယ်ပြီး ဒုက္ခငြိမ်းကာ နိရောဓ ဆိုက်ခြင်းဆိုသော သစ္စာလေးပါး ပန်းတိုင် (End)သို့ အရောက်လှမ်းနိုင်ပေမည်။

ဒေါက်တာ စိုးလွင် (မန္တလေး)